“ ဪ – ဒါကြောင့်ကိုး ! ”

တစ်ခါကတိုင်းပြည်တစ်ပြည်မှာ ဘုရင်မကြီးတစ်ယောက်ရှိသတဲ့။ ကြင်ယာတော်ကသူ့နဲ့လူမမယ်သမီးလေး တွေကိုစွန့်ပြီး မောင်းမတစ်ယောက်နဲ့ ထွက်ပြေးသွားလို့ယောကျ်ားတွေကိုစိတ်နာပြီးသမီးတော်လေးတွေကို ငယ်စဉ်ကတည်းကဘဲ ယောကျ်ားတွေနဲ့မတွေ့ရအောင်တောနက်ထဲမှာအထိန်းတော်အပျိုကြီး တစ်ယောက်နဲ့၊ခြံဝင်းကြီးထဲမှာ နန်းဆောင်ကြီးဆောက်လုပ်စံမြန်းစေတယ်။ အကူအပံ့တွေ ထားပေးထား တာလဲအကုန်လုံး အပျိုအမျိုးသမီးတွေချည်းဘဲပေါ့။

သမီးတော်လေးတွေကငယ်စဉ်လူမမယ်ဘဝတည်းကတောနက်ထဲမှာအထိန်းတော်အပျိုကြီးအမည်ခံက ယောကျ်ားတွေအကြောင်း၊ သူတို့အင်္ဂါဇာတ်(လီး)နဲ့ ကာမဆက်ဆံမှုသဘာဝတွေကိုဗဟုသုတပြောပြသွန်သင်ထားလို့ယောကျ်ားဆိုတဲ့ သတ္တဝါတွေကိုသိပ်တွေ့ဖူးချင်နေကြသတဲ့ကွယ်။ဒါပေမဲ့တစ်ခါမှအခွင့်မကြုံဘူး ပေါ့။

တစ်နေ့တော့လူငယ်မုဆိုးတစ်ဦး တိုက်တိုက်ဆိုင်ဆိုင် အဲဒီတောနက်ထဲမှာ တောလိုက်ရင်း၊ကျားလိုက်ခံရပြီး၊ပြေးလိုက်တာ၊သမီးတော်တွေရဲ့နန်းဆောင်ခြံဝင်း ရှေ့မှာအမောဆို့လဲသတဲ့ကွယ်။ သမီးတော်တွေလဲပြေးထွက်လာကြ၊နှာနှပ်ကြ၊ ပြုစု ကြနဲ့––ထူထူထောင်ထောင်လေးဖြစ်လာတော့ မုဆိုးက “ကိုင်း–အကျွန်ုပ်ရဲ့အသက် သခင်ကျေးဇူးရှင်တွေ၊အသင်တို့အကျွန်ုပ်ဂဲ့အသက်ကိုကယ်ခဲ့ပြီး၊လိုရာဆုတောင်း ဗျာ။ကျေးဇူးပြန်ဆပ်ပါရစေ” ပေါ့။

သမီးတော်တွေလဲ မုဆိုးကို သူတို့နဲ့သဘာဝချင်းမတူသော ဒွေးတော် ပြောပြောနေလေတဲ့ ယောကျ်ားဆိုတဲ့သတ္တဝါဆိုတာ ရိပ်စားမိတော့–

“ဒွေးလေးပြောပြောနေလို့–ရှင်တို့ယောကျ်ားတွေဂဲ့လီးဆိုတဲ့ အင်္ဂါဇာတ်ကြီး ကို မမြင်ဘူးလို့ကြည့်ချင်တယ်၊အဲဒါကိုဘဲလှန်ပြပါ။တခြားဘယ်ဟာမှအသင့်ထံမှ မလိုချင်ပါ” လို့တောင်း ဆိုကြတာပေါ့။

မုဆိုးက–“ဟာ–ဒါတော့မလုပ်ပါနဲ့ဗျာ။ အရှက်ဆိုတာ ရှိတယ်ဗျ၊ မပြပါရစေနဲ့၊ တခြားလိုတာသာတောင်းပါ” လို့ပြန်ပြောတယ်။ သမီးတော်တွေ က မရဘူး၊ ဇွတ်ချည်းဘဲ အတင်း လီးလှန်ပြခိုင်းချည်း နေတော့တာဘဲ။

မုဆိုးလဲသမီးပျိုတွေဆိုတော့ရှက်တော့ မပြနိုင်တော့၊အရှက်နဲ့အသက်နဲ့လဲရ မလိုဖြစ်လာတော့–ဘာမပြောညာမပြောနဲ့ ထပြေးတော့တာပေါ့။ သို့သော်ငြား လည်း–မဆွကဘဲ ကျားလိုက်လို့ပြေးခဲ့ရတဲ့ အမောဓါတ်ကမပြေးသေး၊ ထပ်အား စိုက်ပြီးပြေးလိုက်ရတာ၊ သမီးတော်တွေအုပ်စုက လည်း ဖွဲ့နဘဲနဲ့ အနောက်ကနေ ညာသံပေးပြီး ဒုတ်တွေ ဓါးတွေနဲ့လိုက်ပြန်တော့၊ ဘဖုန်းပြောသလို– "ဒကာကြီးရေ– လွတ်အောင်သာပြေး " – ဆိုတာလိုဖြစ်တာပေါ့။အသက်လုပြီး ပြေးလိုက်တာ– ပင်လယ်ကမ်းစပ်နားအထိရောက်လာပြီး၊အမောဖောက်လာချိန်မှာ သဲသောင်ပြင်ပေါ်မှာတွားသွားနေတဲ့လိပ်တစ်ကောင်ကိုခလုတ်တိုက်မှောက်ရက်လဲ တော့တာပေါ့။

မုဆိုးလဲ "အင်း–ဒီလိပ်တော့ အကြပ်အတည်းမှာ ငါ့အသက်ကိုတော့ကယ်နိုင် ကောင်းရဲ့ "လို့ တွေးဆမိပြီး၊ လိပ်ကို သူ့ပုဆိုးအောက်ထဲကိုအသာ ဖမ်းထည့် လိုက်တယ်။

သမီးတော်တွေလဲမုဆိုးကိုမှီလာတော့ ပတ်ပတ်လည်ဝိုင်းပြီး ဒုတ်တွေ ဓါးတွေမိုးပြီး "ကဲ–ပြ မလား၊မပြဘူးလား၊ ဒါဘဲပြော၊မပြရင် အသေသတ်ပြီး၊ ရ အောင်ကြည့်မယ် "လို့ခြိမ်းခြောက်တော့––– "အင်း–ဒီလိုအကြပ်ကိုင်ပြီး အသက်အန္တရာယ်ကို ခြိမ်းခြောက်လာမှတော့၊ အခြားလမ်းရွေးစရာမရှိဘဲ ပြရ တော့မှာပေါ့ဗျာ" ဆိုပြီး၊ ပုဆိုးအောက်ထဲလက်လျှိုပြီး အခုဏက ဖမ်းထည့် ထား တဲ့ လိပ်ရဲ့အမြီး ကို ရုတ်တရက်ဖမ်းညှစ်လိုက်တာပေါ့။ဒီတော့ကိုရွှေလိပ်ကလည်း လန့်ပြီး၊ အခွံထဲမှပုဝင်နေတဲ့ သူ့ရဲ့ခေါင်းကိုဆန့်ထုတ်လိုက်တာ၊ မုဆိုးရဲ့ပုဆိုး အောက်ကနေ ဇတ်ကနဲထွက်လာတော့တာပေါ့။

မုဆိုးရဲ့ပုဆိုးအောက်ကနေ ဇတ်ကနဲထွက်လာတဲ့ ကိုရွှေလိပ်ရဲ့ခေါင်းကို လီးအမှတ်နဲ့မျှော်လင့်စောင့်စားရှုစားတော်မူနေကြတဲ့သမီးတော်တွေလဲ လိပ်ခေါင်း ကိုလည်းတွေ့ရောတအံ့တသြနဲ့ သံပြိုင် မှတ်ချက်ချပြောဆိုလိုက်ကြတာက တော့– " ဩော်– သူတို့ဟာက မျက်လုံးပါလို့ အမှောင်ထဲမှာတောင် အပေါက်မလွဲဘဲ ထိုးနိုင်တာကိုး ! " တဲ့ဗျား။

တင်ပြသူ– မူလီသျှင်နောင်(တောင်ဒဂုံ)